မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၅ ရက်မဟုတ် — ၁၃၇၃ ခုနှစ်၊ နယုန်လပြည့်နေ့၊ ၂၀၁၁ ခုနှစ်၊ ဇွန် ၁၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၅၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လွန်စွာအရေးကြီး
ပညာလေ့လာသင်ကြားရာတွင် သညာအဆင့်မှ ပညာအဆင့်ရောက်အောင် ကြိုးပမ်းသင်ယူ
ပြည်တွင်းပညာရေးသာမက နိုင်ငံတကာ အခွင့်အလမ်းများကိုပါ သိရှိရယူနိုင်အောင်ကြိုးပမ်း

နေပြည်တော် ဇွန် ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ ကျောင်းနေသားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်း၊ ပညာသင်ထောက်ပံ့ခြင်းနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ (၃၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အမှာစကားပြောကြားပြီး ပညာရည်ချွန်ဆု၊ ပညာသင်ထောက်ပံ့ငွေနှင့် ဗလာစာအုပ်များ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အထွေထွေမန်နေဂျာများ၊ တာဝန်ရှိသူများ၊ ဆုရဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာ၌ ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် လွန်စွာအရေးကြီးကြောင်း၊ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာလေ့လာသင်ကြားရာတွင် သညာအဆင့်မှ ပညာအဆင့်ရောက်အောင် ကြိုးပမ်းသင်ယူကြစေလိုကြောင်း၊ မိဘများကလည်း မည်သည့်အခက်အခဲရှိစေကာမူ မိမိရင်သွေးများ၏ အနာဂတ်အတွက် ပညာရေးကို အားပေးအားမြှောက်ပြုကြရမည်ဖြစ်သကဲ့သို့ ဝန်ကြီးဌာနကလည်း ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပညာသင်ကြားမှုတွင် ပြည်တွင်းပညာရေးအခွင့်အလမ်းများကိုသာမက နိုင်ငံတကာအခွင့်အလမ်းများကိုပါ သိရှိရယူနိုင်အောင် ကြိုးပမ်းကြရန်လိုကြောင်း။

ယခုအောင်မြင်မှုကို အခြေခံ၍ အနာဂတ်ပညာရေးကို ဆက်လက်သင်ယူကြရာတွင် တွေ့ကြုံရမည့် ကျယ်ပြန့်သော လူမှုနယ်ပယ်၌ မူးယစ်ဆေးဝါး၊ အပျော်အပါး၊ လောင်းကစားစသည့် စိန်ခေါ်မှုများကို

စာမျက်နှာ ၃ ကော်လံ ၁ ●

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော မစံပယ်လှိုင်ဝင်းအား ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

အမှာစကား ပြောကြား

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် e-Government လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်ရေးဆိုင်ရာဆွေးနွေးပွဲ ဒုတိယနေ့တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

e-Government စနစ်ကို နိုင်ငံ့ဝန်ထမ်းများသာမက ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်အောင်ဆောင်ရွက်

နေပြည်တော် ဇွန် ၁၅

e-Government လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်ရေးဆိုင်ရာဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ အီလက်ထရွန်နစ်အစိုးရအဖွဲ့ လုပ်ငန်းစဉ်များကို တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်နေသော ဝန်ကြီးဌာနအသီးသီးမှ CIO များ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ကွန်ပျူတာပညာရှင်များ၊ ပြည်တွင်းပြည်ပမှ NGO အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✱

16-6 (01).pmd 1 6/16/2011, 3:14 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇွန် ၁၆ ရက်)

ငှက်ဖျားရောဂါတိုက်ဖျက်ရေး ပြည်သူများ ဝိုင်းဝန်းပါဝင်

လူတိုင်းကျန်းမာပြီး သက်တမ်းစေ့နေနိုင်ရေး၊ ရောဂါဘယကင်းဝေးရေးအတွက် နိုင်ငံတော်က ရည်မှန်းချက်ထားကာ စီမံကိန်းများ၊ နည်းလမ်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ငှက်ဖျားရောဂါသည် ကမ္ဘာပေါ်တွင် ကျန်းမာရေးပြဿနာအဖြစ် တည်ရှိနေဆဲဖြစ်သဖြင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးလှုပ်ရှားမှုများကို နှစ်စဉ်ကျင်းပလျက်ရှိသည်။ ၂၀၁၀ ခုနှစ် ကမ္ဘာ့ငှက်ဖျားရောဂါဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အစီရင်ခံစာအရ တစ်ကမ္ဘာလုံးရှိ လူဦးရေသန်းပေါင်း ၂၃၆ သန်းသည် ငှက်ဖျားရောဂါခံစားခဲ့ရပြီး ယင်းတို့အနက် ၈၅ ရာခိုင်နှုန်းမှာ အာဖရိကဒေသနိုင်ငံများ၌ဖြစ်ကာ အရှေ့တောင်အာရှ၌ ၁၀ ရာခိုင်နှုန်း ပါဝင်လျက်ရှိကြောင်း သိရသည်။

ငှက်ဖျားရောဂါသည် ငှက်ဖျားရောဂါပိုးသယ်ဆောင်သော ခြင်ကိုက်ခံရခြင်းကြောင့် ကူးစက်ဖြစ်ပွားရခြင်းဖြစ်သည်။ ငှက်ဖျားပိုးသယ်ဆောင်သော ခြင်သည် ညအခါများတွင် ကိုက်လေ့ရှိသဖြင့် ညဘက်တွင် ခြင်ကိုက်ခံရပါက ငှက်ဖျားရောဂါဖြစ်ပွားနိုင်သည်။ ငှက်ဖျားရောဂါသည် အသက်အန္တရာယ်မရွေးဖြစ်ပွားနိုင်သည်။

ငှက်ဖျားရောဂါဖြစ်သောသူ၏ ရောဂါလက္ခဏာများမှာ ချမ်းတုန်၍ဖျားခြင်း၊ တက်ဖျားကျဖျားအသွင်ဖျားခြင်း၊ ရောဂါပြင်းထန်ပါက တစ်ပါးသူ၏ အကူအညီမပါဘဲ မထနိုင်ခြင်း၊ မထိုင်နိုင်ခြင်း၊ လမ်းမလျှောက်နိုင်ခြင်း၊ အန်ခြင်း၊ မှိန်းခြင်း၊ သတိလစ်ခြင်းတို့ဖြစ်နိုင်သည်။

မြန်မာနိုင်ငံ၌ ငှက်ဖျားရောဂါသည် သစ်တောနှင့်ဆက်စပ်လျက်ရှိသော လုပ်ငန်းလုပ်ကိုင်သူများတွင် အဖြစ်များလေ့ရှိသည်။ စောစီးစွာကုသမှုမခံယူပါက အသက်အန္တရာယ်နှင့် ရင်ဆိုင်ရတတ်သည်။ ၂၀၁၀ခုနှစ်တွင် ငှက်ဖျားရောဂါကြောင့်သေဆုံးသူ ၇၈၉ ဦးရှိကြောင်း ကျန်းမာရေးဦးစီးဌာန၏ စာရင်းဇယားများအရ သိရှိရသည်။

ထို့ကြောင့် ငှက်ဖျားရောဂါမဖြစ်စေရန် ရှေးဦးစွာ မိမိကိုယ်မိမိကာကွယ်ရမည်ဖြစ်သည်။ ငှက်ဖျားရောဂါဖြစ်ပွားလာပါက စောစီးစွာဆေးစစ်ပြီး ထိရောက်သောဆေးဝါးကုသမှုကို ခံယူရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ''ငှက်ဖျားသေဆုံးမှုပပျောက်ရေး ၂၀၁၅ မှန်းမျှော်တွေး၊ တိုးမြှင့် စုပေါင်း တိုက်ဖျက်ပေး'' ဆောင်ပုဒ်အရ ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းကို ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပြည်သူလူထုကပါ ဝိုင်းဝန်းလက်တွဲ ပါဝင်ဆောင်ရွက်ပါက ငှက်ဖျားရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းသွားမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

နေပြည်တော် ဇွန် ၁၅

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးကျင်းပသော ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ပိုစတာ ပြိုင်ပွဲကို ဇွန် ၄ ရက်နှင့် ၅ ရက် နံနက် ၉ နာရီတွင် မော်လမြိုင်မြို့ အမှတ်(၉)အခြေခံပညာ အထက်တန်းကျောင်း ဦးသာညွှန်းဓမ္မာရုံ၌ ကျင်းပရာ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေမျိုး၊ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးမြင့်၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (မွန်ပြည်နယ်) ဥက္ကဋ္ဌ ဦးနေဝင်းနှင့် အဖွဲ့ဝင်များက ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှု အားပေးကြသည်။ (အပေါ်ပုံ)

အဆိုပါပြိုင်ပွဲများသို့ မော်လမြိုင်မြို့နယ်ရှိ အခြေခံပညာမူလတန်းအဆင့်မှ အထက်တန်းအဆင့်အထိ ကျောင်းသား ကျောင်းသူ ၇၂ ဦးနှင့် ပညာရေးကောလိပ်မှ ခုနစ်ဦးတို့ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများ သုံးခွမြို့နယ်၌ ထောက်ပံ့ပေးအပ်

ရန်ကုန် ဇွန် ၁၅

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းမိသားစုများ၏ သားသမီးများအား ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများပေးအပ်ပွဲကို မေ ၂၆ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်

အခမ်းအနားတွင် ရှေးဦးစွာ သုံးခွမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သောင်းက အမှာစကားပြောကြားပြီး ဝန်ထမ်းသားသမီးများအား တက္ကသိုလ်အဆင့် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ခြောက်ဦး၊ အထက်တန်းအဆင့်တစ်ဦးလျှင် ငွေကျပ် ၉၀၀၀ နှုန်းဖြင့် ခြောက်ဦး၊ အလယ်တန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၇၀၀၀နှုန်းဖြင့် ကိုးဦး၊ မူလတန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ၁၃ ဦး စုစုပေါင်း ၃၄ ဦးတို့အတွက် ငွေကျပ် ၂၃၇၀၀၀ တန်ဖိုးရှိ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ) (၁၂၄)

မြို့သန့်ရှင်းရေး ဆောင်ရွက်

ကျောက်တံခါး ဇွန် ၁၅

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်သိမ်းဆည်းခြင်းကို နေ့စဉ်ဆောင်ရွက်လျက်ရှိရာ မေ ၂၆ ရက်က ကျောက်တံခါးမြို့ ဒဂုံမန်း ကားလမ်းတစ်လျှောက်နှင့် မြို့တွင်းလမ်းဘေးဝဲ၊ယာ သန့်ရှင်းရေး၊ အမှိုက်သိမ်းဆည်းရေး လုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးမြင့်လွင် ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်းသိရှိရသည်။

(မြို့နယ်စည်ပင်)

တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အဖွဲ့ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပန်းတောင်း-တောင်ကုတ်ကားလမ်းဘေး ရေမြောင်းများကို ဇွန် ၂ ရက်က သန့်ရှင်းရေးပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် အမှုဆောင်အရာရှိ ဦးလှဖော်ဇံတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း၏ စဉ်ဆက်မပြတ်ဆေးပညာပြန့်ပွားရေးအစီအစဉ်အရ ဇွန် ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ သံသုမာလမ်း သွပ်ဝိုင်းကြီးရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ အသင်းဘက်စုံသုံးခန်းမကြီး၌ ပါမောက္ခဒေါက်တာဌေးဌေးရီ၊ ပါမောက္ခ/ဌာနမှူး မေးရိုးနှင့်ခံတွင်းခွဲစိတ်ပညာဌာန သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၊ ဒေါက်တာမြတ်ညဏ် လက်ထောက်ကထိက သွားတုဆေးပညာဌာန သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ရန်ကုန်တို့က သွားရောဂါအကြောင်း သိကောင်းစရာများကို ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(ဆရာဝန်အသင်း)

သစ်တောသစ်ပင် ဒို့ချစ်ခင်

နှစ်စဉ်စိုက်ပျိုး အလှတိုး

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ ကျောင်းနေသားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်း၊ ပညာသင်ထောက်ပံ့ခြင်းနှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ (၃၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

အသိ၊ သတိနှင့်ယှဉ်၍ ရင်ဆိုင်ကျော်လွှားနိုင်အောင်လည်း ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

ယနေ့ နှစ်ပတ်လည်နေ့ အခမ်းအနား၌ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ထူးချွန်ဝန်ထမ်းများကိုလည်း ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ယခုချီးမြှင့်မှုများသည် ပြီးခဲ့သည့်နှစ်က ကြိုးပမ်းဆောင်ရွက်မှုများအပေါ် ချီးမြှင့်ခြင်းဖြစ်ရာ အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ခြင်းအားဖြင့် ဌာနရော မိမိကိုယ်တိုင်ပါ တိုးတက်အောင်မြင်လာမည်ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

ဌာန၏ လုပ်ငန်းများအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းတာဝန်(၁၂)ရပ်နှင့် ဝန်ထမ်းများ လိုက်နာရမည့် အချက်(၁၄) ချက် ချမှတ်ပေးထားပြီးဖြစ်ရာ လာမည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင်လည်း ယခုထက် ပိုမိုအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မည့် လမ်းကြောင်းမှန်ပေါ် ရောက်ရှိနေပြီဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများကိုလည်း ရရှိပိုင်ဆိုင်ထားပြီးဖြစ်ရာ ကောင်းမွန်သော အနာဂတ်ကို ဆက်လက်လျှောက်လှမ်းနေပြီ ဖြစ်ကြောင်း၊ အောင်မြင်မှုနှင့်အတူ နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ အန္တရာယ်များလည်း ရှိနေသည်ကို သတိပြုကြိုးပမ်းဆောင်ရွက်ကြရန် လိုပါကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဝန်ထမ်း သားသမီး ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းနေ သားသမီးများအတွက် ပညာသင်စရိတ် ထောက်ပံ့ငွေနှင့် ဗလာစာအုပ်များကို ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဦးမြင့်ထွေး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦးနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်တို့ထံ ပေးအပ်သည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက ၂၀၁၀-၂၀၁၁ခုနှစ်အတွက် နိုင်ငံတော်မှ ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိကြသူများနှင့် ၂၀၁၀-၂၀၁၁ ခုနှစ်အတွက် စံပြစက်ရုံဆုရရှိသော နေပြည်တော်ပုံနှိပ်စက်ရုံ စက်ရုံမှူးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း ၂၀၁၀-၂၀၁၁ ခုနှစ်အတွက် စံပြစက်ရုံဆုရရှိသော နေပြည်တော်ပုံနှိပ်စက်ရုံ စက်ရုံမှူးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တူညီဝတ်စုံ

ထို့နောက် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်က ကဏ္ဍအလိုက်ဆုရရှိကြသည့် ပုံနှိပ်စက်ရုံများအတွက် ဆုများကို စက်ရုံမှူးများအားလည်းကောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဝန်ထမ်းများအတွက် တူညီဝတ်စုံများကို ဒုတိယအထွေထွေမန်နေဂျာ(စီမံ) ဦးမောင်ဝင်းအားလည်းကောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအောက်ရှိ ဌာနခွဲ ခြောက်ခုမှ ဝန်ထမ်းများ သက်သာချောင်ချိရေး ဆောင်ရွက်နိုင်ရန် မတည်ငွေများကို စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးအား လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထူးချွန်ဆု

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ သင်တန်းထူးချွန်ဆုရ ဝန်ထမ်းများအားလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဌာနကြီး ခြောက်ခုမှ ထူးချွန်စွာ တာဝန်နှင့် ဗဟိုပုံနှိပ်စက်ရုံတို့မှ ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် စံပြဝန်ထမ်းများအားလည်းကောင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးထူးချွန်ဆုရ ဝန်ထမ်းများအားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ကျောင်းနေသားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်း၊ ပညာသင်ထောက်ပံ့ခြင်းနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ (၃၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းတို့မှ ပညာရည်ချွန်ဆု၊ ပညာသင်ထောက်ပံ့မှု၊ သက်သာ

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့် အုပ်ချုပ်မှုစွမ်းရည်အကောင်းဆုံးစက်ရုံဆုရ အောင်ဆန်းပုံနှိပ်စက်ရုံ စက်ရုံမှူးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ချောင်ချိရေး ဆောင်ရွက်ပေးရန် ထောက်ပံ့ငွေ၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူများ၊ စံပြစက်ရုံဆုရရှိသူများနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး ထူးချွန်ဆု ရရှိသူများအား စုစုပေါင်း ငွေကျပ် ၁၄၈၆၁၀၀၀ ချီးမြှင့်ထောက်ပံ့ပေးခဲ့သည်။

(သတင်းစဉ်)

* *ရှေ့ဖုံးမှ*

e-Government လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲတွင် ကုလသမဂ္ဂမြန်မာနိုင်ငံဌာနေကိုယ်စားလှယ်ရုံးမှ အကြီးတန်းအကြံပေးပုဂ္ဂိုလ် ပါမောက္ခဒေါက်တာအောင်ထွန်းသက်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး e-Government စနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးနှင့် အရှိန်အဟုန်မြှင့်တင်ရေးတို့အတွက် လိုအပ်သည်များကို ဆွေးနွေးပြောကြားသည်။

တင်ပြဆွေးနွေး

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများသည် အဖွဲ့(၁၀)ဖွဲ့ခွဲ၍ e-Government ဆိုင်ရာ စိန်ခေါ်မှုများကို ပူးပေါင်းညှိနှိုင်းဆွေးနွေး အဖြေရှာကြကာ အဖြေများကို အဖွဲ့အလိုက် တင်ပြဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က အဖွဲ့အလိုက် တင်ပြဆွေးနွေးမှုများအပေါ် ပြန်လည်သုံးသပ်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြောကြားသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က နိုင်ငံတကာတွင် လက်ရှိအသုံးပြုနေသည့် e-Government လုပ်ငန်းများ အခြေအနေကို ရှင်းလင်းပြောကြားပြီး မိမိတို့နိုင်ငံတွင်လည်း e-Government လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရေးနှင့် အရှိန်အဟုန်မြှင့်တင်ရေးလုပ်ငန်းများကို အောင်မြင်အောင် ဦးစားပေးကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ကြိုးစားဆောင်ရွက်

ဆက်လက်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ယခုဆွေးနွေးပွဲသို့ တက်ရောက်၍ e-Government လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးပေးကြသူများအားလုံးကို ကျေးဇူးတင်ရှိကြောင်း၊ e-Government လုပ်ငန်းစဉ်များအောင်မြင်ပြီး ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေး၊ အရှိန်အဟုန်မြှင့်တင်ရေးတို့အတွက် ဆွေးနွေးတိုင်ပင်အဖြေရှာကြကာ ပန်းတိုင်ကိုရောက်အောင် ကြိုးစား ဆောင်ရွက်ကြရန်နှင့် e-Government စနစ်ကို နိုင်ငံ့ဝန်ထမ်းများသာမက တစ်နိုင်ငံလုံးရှိ ပြည်သူများ သိရှိနားလည်၍ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်အောင် ကြိုးစား ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် (IMPACT) International Multilateral Partnership Against Cyber Threats မှ Chairman, Mr. Datuk Mohd Noor Amin နှင့် Ms. Cherie Tseng, National Trust Council, IDA စင်ကာပူတို့က နည်းပညာဆိုင်ရာ နိုင်ငံတကာအတွေ့အကြုံများကို ဆွေးနွေးပြောကြားကြသည်။

ရုပ်သိမ်း

ထို့နောက် Alpha Info-Tech (Mandalay) မှ Managing Director ဦးရဲမြတ်သူက နည်းပညာဆိုင်ရာ မြန်မာနိုင်ငံ၏ အတွေ့အကြုံများကို ဆွေးနွေးပြောကြားပြီး e-Government လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်ရေးဆိုင်ရာဆွေးနွေးပွဲ ဒုတိယနေ့ကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ချုံမြက်များ ခုတ်ထွင်ရှင်းလင်း

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် မဒေါက်ဘက်အထွက်၌ ချုံမြက်များ ခုတ်ထွင်ရှင်းလင်းဆောင်ရွက်နေမှုကို ဇွန် ၄ ရက်က အမှုဆောင်အရာရှိ ဦးအမ်လှသောင်း ကွင်းဆင်းစစ်ဆေးကြီးကြပ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား သံအမတ်ကြီးများ သီးခြားစီလာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၅

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ထိုင်းနိုင်ငံအခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာဒေါ့ကလပ်စ်ဟာဗေး မွန်ရိုးဂစ်ဘ်ဆင်ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်း၌ လာရောက်တွေ့ဆုံ၍**(ယာပုံ)** မြန်မာနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ ဗီလာဆွန်ဒါရာ ရာဂျမ်ရှေရှာဒရီသည် ညနေ ၃ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရေးနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားအဖွဲ့ချုပ်များအား ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၅

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် မြို့တော်ခန်းမရှေ့၌ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင် စက်ဘီးအားကစားသမားများ၏ စံချိန်ယူ ဆန်းစစ်ပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် နေပြည်တော် ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားပြိုင်ကွင်းရှေ့သို့ သွားရောက်ကာ အမျိုးသမီး(၂၅)ကီလို စံချိန်ယူပြိုင်ပွဲနှင့် အမျိုးသားကီလို (၅၀) စံချိန်ယူပြိုင်ပွဲပန်းဝင်လာကြသော အားကစားသမားများအား အားပေးနှုတ်ဆက်ပြီး ပေါင်းလောင်းအားကစားကွင်း မိုးလုံလေလုံ အားကစားခန်းမ၌ အမျိုးသား ကီလို(၅၀) စံချိန်ယူပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိကြသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသမီး(၂၅)ကီလို တစ်ဦးချင်း စံချိန်ယူပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိသူများအားလည်းကောင်း၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသာဌေးက နစ်သိမ့်ဆုရ အားကစားသမား မောင်/မယ်များအားလည်းကောင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

သရုပ်ပြယှဉ်ပြိုင်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်နေသည့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နှစ်သင်းနှင့် အမျိုးသားအသင်းနှစ်သင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို လည်းကောင်း၊ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်မှ ပဏာမ မြန်မာ့လက်ရွေးစင်များ၏ သရုပ်ပြ ယှဉ်ပြိုင်ကစားနေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေး အားပေးကာ အားကစားအဖွဲ့ချုပ်များမှ အုပ်ချုပ်သူ၊ နည်းပြ၊ ဒိုင်လူကြီးနှင့် အားကစားသမားများအား ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ လှေလှော်ပွဲစဉ်များ ကျင်းပရန်လျာထားသည့် ငလိုက်ဆည်ကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်နေသည့် မြန်မာနိုင်ငံ ကြက်တောင် အဖွဲ့ချုပ်မှ ပဏာမ မြန်မာ့လက်ရွေးစင်များ၏ သရုပ်ပြ ယှဉ်ပြိုင် ကစားနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

စင်ကာပူ ရှုံး/ထွက်ဖလား ဘောလုံးပြိုင်ပွဲ ဥဿာယူနိုက်တက်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဇွန် ၁၅

စင်ကာပူဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် စင်ကာပူ ရှုံး/ထွက်ဖလား ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံကိုယ်စားပြု ဥဿာယူနိုက်တက်အသင်းသည် ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားသည်။

ပါဝင်

ဥဿာယူနိုက်တက်အသင်းတွင် **အုပ်ချုပ်သူ**-ဦးထွန်းထွန်းလင်း၊ **နည်းပြချုပ်**-မစ္စတာဆီဗာဂျီ၊ **လက်ထောက်နည်းပြ**-ဦးဝင်းတင်နှင့် ဦးငွေထွန်း၊ **ဂိုးနည်းပြ**-ဦးအောင်သက်၊ အားကစားသမားများအဖြစ် **ဂိုး**-ဒီဂျာနယ်၊ ဟိန်းကျော်သူ၊ ကိုကိုနိုင်၊ **နောက်တန်း**-နီမောင်မောင်အောင်၊ ညီညီအောင်၊ အောင်ဖြိုးမြင့်၊ မာစီယို၊ ကျော်စိုးလွင်၊ သိန်းဇော်စိုး၊ ရဲလင်းနိုင်၊ **အလယ်တန်း**-နိုင်နိုင်လင်း၊ အောင်မိုး၊ ဂျူနီယာ၊ မြင့်နိုင်၊ လှထွန်းအောင်၊ ချစ်ကိုကို၊ ရှိုင်းထက်ဇော်၊ **ရှေ့တန်း**-လစ်ပီလစ်ပီတို့ ပါဝင်ကြသည်။**(အောက်ပုံ)**

အဆိုပါပြိုင်ပွဲကို အိမ်ရှင်စင်ကာပူနိုင်ငံမှ ကလပ်အသင်း ၁၁ သင်း၊ ဩစတြေးလျကလပ် ဆောက်မဲလ်ဘုန်းအသင်း၊ မြန်မာကလပ် ဥဿာယူနိုက်တက်အသင်း၊ ထိုင်းကလပ် ပတ္တရားယူနိုက်တက်အသင်း၊ ကမ္ဘောဒီးယားကလပ် ဖနောင်ပင်ကရောင်းအသင်းနှင့် မလေးရှားကလပ် Young Tiger အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဥဿာယူနိုက်တက် အသင်းသည် ၂၀၁၀ MFF CUP ရှုံး/ထွက်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သောကြောင့် ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းလည်း ဖြစ်သည်။

ပထမအဆင့်အဖြစ် ဇွန်လ ၁၇ ရက်တွင် ဥဿာယူနိုက်တက်(မြန်မာ)နှင့် ပတ္တရားယူနိုက်တက်(ထိုင်း)တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။**(မြန်မာ့အလင်း)**

အဆင့်မြင့်မြေတိုင်း သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၅

လက်မှတ်ရ အဆင့်မြင့်မြေတိုင်းသင်တန်းကို ဇွန် ၂၇ ရက်မှ ဇူလိုင် ၁၃ ရက်အထိ ရန်ကုန်မြို့ရှိ Concordia သင်တန်းခန်းမ၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ အဆိုပါသင်တန်းတွင် ကုန်းကြောင်းသုံးနှင့် ရေကြောင်းသုံး GPS နှစ်မျိုးလုံးအတွက် အခြေခံသီအိုရီနှင့် လက်တွေ့တိုင်းတာခြင်းများ Mapsource software, Topcon Link software, Cavil CAD software များဖြင့် Down Loading နှင့် Processing ပြုလုပ်ခြင်းများ၊ Google Earth Software အသုံးပြုခြင်းနှင့် မြေပုံပြုလုပ်ခြင်းများ၊ မြေတိုင်းတာခြင်းကို ခေတ်မီ Instrument များဖြစ်သော Total Station ဖြင့် လက်တွေ့တိုင်းတာခြင်းများကို စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရသည်။

မေးမြန်းနိုင်

အဆိုပါသင်တန်းကို ဇွန် ၂၀ ရက်မှ စတင်လက်ခံပြီး အခြေခံပညာအထက်တန်း သို့မဟုတ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများ၊ ဘွဲ့ရပြီးသူများ၊ ရေယာဉ်လုပ်သားများ တက်ရောက်နိုင်ပြီး GPS ဘာသာရပ်တစ်ခုတည်း သီးသန့်တက်ရောက်လိုသူများ အတွက်လည်း အထူးအစီအစဉ်အနေဖြင့် စီစဉ်ထားရှိကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရန်ကုန် Concordia Ltd သုံးလွှာနှင့် ငါးလွှာ၊ ရွှေဂုံပလာဇာ၊ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ဖုန်း-၀၁-၅၄၄၈၂၄၊ ၅၄၄၁၉၉၊ ၅၅၈၁၇၀၊ ၅၄၀၀၂၆၊ ၀၉-၇၃၀၀၉၂၂၃၊ ၀၉-၅၀၀၅၉၁၂တို့ထံ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

Etiqa Selangor International Junior Masters 2011 ပြိုင်ပွဲတွင် မြန်မာအားကစားသမားများ ဆုများရရှိ

ရန်ကုန် ဇွန် ၁၅

၂၀၁၁ ခုနှစ် ဇွန် ၉ ရက်မှ ၁၁ ရက်အထိ မလေးရှားနိုင်ငံ Seri Selangor Golf Club တွင် ကျင်းပသော "Etiqa Selangor International Junior Masters 2011" ဂေါက်သီးရိုက်ပြိုင်ပွဲသို့ နည်းပြ ဦးဆန်းထွန်း ဦးဆောင်ပြီး မြန်မာ လူငယ်အားကစားသမား ရဲထက်အောင်နှင့် အောင်ဆန်းမျိုးတို့ ပါဝင်သော မြန်မာအသင်း ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် မြန်မာ၊ မလေးရှား၊ ကိုရီးယား၊ အင်္ဂလန်နှင့် လာအိုစသည့် နိုင်ငံပေါင်း ငါးနိုင်ငံမှ အားကစားသမားစုစုပေါင်း (၉၅) ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ အသက်(၂၁) နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ရဲထက်အောင်က တတိယဆုနှင့် အသက်(၁၅)နှစ်အောက် တစ်ဦးချင်း ပြိုင်ပွဲတွင် အောင်ဆန်းမျိုးက ပဉ္စမဆု ရရှိခဲ့သည်။ အသက်(၂၁)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် မလေးရှား လူငယ် လက်ရွေးစင်အသင်းမှ ပထမဆု၊ ဒုတိယဆုများ ရရှိသွားကြောင်းနှင့် အသက်(၁၅)နှစ်အောက် တစ်ဦးချင်း ပြိုင်ပွဲတွင် ကိုရီးယား လူငယ်များက ပထမဆု၊ ဒုတိယဆုများ ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား UNESCO မှ Project Manager နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၅

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား UNESCO မှ Project Manager Mr.Sardar Umar Alam နှင့်အဖွဲ့သည် ဇွန် ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား UNESCO မှ Project Manager Mr.Sardar Umar Alam နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အရာထမ်းများ လုပ်ငန်းကျွမ်းကျင်မှု သင်တန်း အမှတ်စဉ်(၁/၂၀၁၁) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အရာထမ်းများလုပ်ငန်းကျွမ်းကျင်မှု သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဇွန် ၁၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အရာထမ်းများ လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သင်တန်းတွင် ပထမဆုရ ဦးစီးအရာရှိ ဒေါ်လှိုင်းသီတာထွန်း၊ ဒုတိယဆုရ ဦးစီးအရာရှိ ဒေါ်ချောစုခိုင်နှင့် တတိယဆုရ ဦးစီးအရာရှိ ဒေါ်ယဉ်မင်းထွေးတို့အား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများကိုယ်စား ဦးစီးအရာရှိ ဦးထွန်းလင်းဦးအား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

လေ့လာသင်ယူ

ယင်းသင်တန်း၌ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ ၅၁ ဦးတို့သည် ရက်သတ္တပါတ်ကြာ ရသုံးမှန်းခြေ ငွေစာရင်း ဦးစီးဌာနဆိုင်ရာ ဘာသာရပ်များ၊ ဥပဒေ၊ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကို လေ့လာသင်ယူခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်သစ်သမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးကျော်စွာမင်း ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၁၆

ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်စွာမင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၁ ခုနှစ် ဇွန် ၆ ရက်တွင် ပါရီမြို့၌ ပြင်သစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ နီကိုလပ်စ် ဆာကိုဇီထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

(သတင်းစဉ်)

ဒုတိယမြောက်အယ်လန္ဒဘတ်ဘုရင်မထံ သံအမတ်ကြီး ဦးကျော်မျိုးထွဋ် ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၁၆

ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်မျိုးထွဋ်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၁ ခုနှစ် ဇွန် ၂ ရက်တွင် ဘာကင်ဟန်နန်းတော်၌ ဓနသဟာယနိုင်ငံတို့၏ နာယက၊ ယူနိုက်တက်ကင်းဒမ်း၊ မြောက်အိုင်ယာလန်နှင့် ၎င်းစိုးပိုင်သည့် အခြား နယ်ပယ်များအရှင် ဒုတိယမြောက် အယ်လဇ္ဇဘတ်ဘုရင်မထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ပြည်တွင်း သဘာဝဘေးအန္တရာယ်သတင်း

လေပြင်းတိုက်ခတ်၍ ကျောက်တန်း၌ နေအိမ်များပြို

ကျောက်တန်း ဇွန် ၁၅

ယမန်နေ့ညနေ ၃ နာရီ ၃၅ မိနစ်က လေပြင်းတိုက်ခတ်ခြင်းကြောင့် ကျောက်တန်းမြို့ ဆင်ကန်ရပ်ကွက် ချမ်းမြေ့သာယာကွက်သစ်မှ အိမ်ခုနစ်လုံး ပြိုကျပျက်စီးသွားသည်။

ပျက်စီး

ချမ်းမြေ့သာယာ ကွက်သစ်မှ ဦးမင်းသိန်းနှင့် ဦးမြလွင်တို့၏ ပျဉ်ထောင်ဓနိမိုးအိမ်နှစ်လုံးနှင့် ဦးဝင်းညွှန့်၊ ဦးမြင့်သိန်း၊ ဦးကျော်မိုး၊ ဦးလှမြင့်၊ ဒေါ်နှင်းဆီတို့၏ ဝါးတိုင်-ထရံကာ-ဓနိမိုး နေအိမ်ငါးလုံးမှာ လေပြင်းဒဏ်ကြောင့် ပျက်စီးသွားသည်။ ဖြစ်စဉ်တွင် လူအသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရသူ မရှိကြောင်း သိရသည်။ **(အောက်ပုံ)**

ပြိုကျပျက်စီးသွားသည့်နေအိမ်များမှ အိမ်ထောင်စုဝင် ကျား ၁၃ ဦးနှင့် မ ၁၄ ဦးတို့ နေထိုင်ရေးအဆင်ပြေစေရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အခင်းဖြစ်ရာသို့ ချက်ချင်းသွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ကူညီစောင့်ရှောက်ကာ နေရာချထားပေးခဲ့ကြောင်း သိရှိရသည်။ **(၀၁၉)**

မိုးညှင်းမြို့၌ ကွန်ကရစ်တံတား မိုးရေတိုက်စား

မိုးညှင်း ဇွန် ၁၅

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် နန့်ခမူချောင်းမှ ဖြတ်သန်းစီးဆင်းလာသော တောင်ကျမိုးရေအားကြောင့် မိုးညှင်းမြို့ သာစည်ရပ်ကွက် ရွှေဘို-မြစ်ကြီးနား ကားလမ်းပေါ်ရှိ အလျားပေ ၃၀× အကျယ် ၂၂ ပေ၊ ခံနိုင်ဝန် တန် ၆၀ ရှိ ကွန်ကရစ် အမျိုးအစား တံတားဖြူတံတား အမှတ် ၆/၁၈၉ မှာ ဇွန် ၁၄ ရက် ညနေ ၄ နာရီတွင် မိုးရေတိုက်စားခံရပြီး တံတားမြောက်ဘက် နိမ့်ကျကာ ကတ္တရာလမ်း ရှစ်ပေကျော် ပျက်စီးသွားသည်။ **(အပေါ်ပုံ)**

ပြုပြင်ဆောင်ရွက်

အဆိုပါ တံတားဖြူ တံတားကို ပြန်လည်ပြုပြင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ညှိနှိုင်းပြုပြင်ဆောင်ရွက်လျက်ရှိသည်။

ယာယီသွားလာနိုင်

ယခုအခါ ယာဉ်ကြီး၊ ယာဉ်ငယ်များ စိမ်းရတနာမွန်ရပ်ကွက် (မြောက်) ဘက်လမ်းမှ ယာယီသွားလာနိုင်ရန်အတွက် ဆောင်ရွက်ခဲ့ရာ ဇွန် ၁၅ ရက် မွန်းလွဲပိုင်းတွင် ယာဉ်များ ပုံမှန်ဖြတ်သန်း သွားလာနိုင်ကြပြီဖြစ်ကြောင်း သိရှိရသည်။ **(၀၆၃)**

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ဒေဝူးကော်ပိုရေးရှင်းမှ ဧည့်သည်လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၅

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား Daewoo International ကော်ပိုရေးရှင်းမှ CEO & Chairman Mr. Dong Hee Lee သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာသို့ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဟန်စိန်၊ ဦးချန်မောင်နှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား Daewoo International ကော်ပိုရေးရှင်းမှ CEO & Chairman Mr. Dong Hee Lee လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၅)သို့ တက်ရောက်ကြမည့် ဆရာ ဆရာမများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၅

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်သည် ဇွန် ၁၅ရက် နံနက် ၁၀ နာရီတွင် ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၅)သို့ တက်ရောက်ကြမည့် ဆရာ ဆရာမများအား တွေ့ဆုံသည်။

ဆရာ ဆရာမများ၏ လက်ရှိအရည်အသွေးထက် ပိုမိုတိုးတက်ရေး နိုင်ငံတော်က မွမ်းမံသင်တန်းများကို အလေးထားဖွင့်လှစ်ပေးနေ

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်က ဆရာ ဆရာမများအနေဖြင့် ယခုတက်ရောက်ရမည့် မွမ်းမံသင်တန်းသည် နိုင်ငံတော်၏ အခြေခံပညာကဏ္ဍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆင့်ဖြစ်ကြောင်း၊ ဆရာ ဆရာမများ၏ လက်ရှိအရည်အသွေးထက် ပိုမိုတိုးတက်စေရေးအတွက် ရည်မှန်းပြီး နိုင်ငံတော်က ယခုကဲ့သို့ မွမ်းမံသင်တန်းများကို အလေးထား ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း၊ သင်တန်း၏ ရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်နိုင်အောင် ကြိုးစားကြရန်၊ တိုင်းဒေသကြီး၏ ဂုဏ်ဆောင်အဖြစ် စံပြသင်တန်းသား သင်တန်းသူများ ဖြစ်အောင် ကြိုးစားသွားကြရန် ဖြစ်ကြောင်း မှာကြားပြီး အထူးမွမ်းမံသင်တန်း တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွန်ပျူတာနည်းပညာပြပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၅

ကွန်ပျူတာနည်းပညာ ပြပွဲကို ရန်ကုန်မြို့ရှိ KMD Sales Centre တိုင်းတွင် ဇွန် ၁၈ ရက်နှင့် ၁၉ ရက်များတွင် ကျင်းပမည်ဖြစ်ရာ ပြပွဲတွင် Mini Projector, Pen Drive, SD Card များဖြင့် တိုက်ရိုက်တွဲဖွင့်နိုင်သော Speakers များ၊ နောက်ဆုံးပေါ် Processor များဖြင့် ပြုလုပ်ထားသော Lenovo နုတ်ဘုတ်များကို ခင်းကျင်းပြသသွားမည် ဖြစ်ကြောင်း သိရှိရသည်။

ဆက်သွယ်စုံစမ်းနိုင်

ထို့ပြင် Acer Notebook (P6-200, 2GB RAM, 320GB HDD, DVD RW, 14" LCD Screen)၊ Acer 4750 Notebook (Core i3-2310, 2GB RAM, 500GB HDD,14" LCD Screen) များ၊ HP 1050 All-in-one Printer များ၊ Canon Laserjet LBP 6000 Printer များ ရောင်းချပေးမည်ဖြစ်ပြီး နုတ်ဘုတ်ဝယ်ယူသူများအတွက် Mouse, Keyboard Cover, Free Training Coupon, Notebook Case များကို လက်ဆောင် ပေးအပ်သွားမည့်အပြင် Desktop PC ဝယ်ယူသူများနှင့် ကျပ်တစ်သိန်းဖိုးနှင့် အထက်ဝယ်ယူသူများကိုလည်း ဇလာမပါကံစမ်းမဲနှိုက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကွန်ပျူတာပြပွဲနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက KMD (Head Office) ဖုန်း-၂၄၅၁၈၀၊ ၃၈၅၁၇၇၊ KMD (မြေနီကုန်း) ဖုန်း-၅၀၃၅၁၁၊ ၅၀၃၅၂၂၊ KMD (ဘားလမ်း) ဖုန်း-၀၉-၈၃၀၃၇၇၈၊ ၀၉-၈၃၀၁၀၃၇ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

❒ *ကျောဖုံးမှ*

နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် အာဆီယံ သွေးလွန်တုပ်ကွေးနေ့နှင့် ကမ္ဘာ့ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဖွင့်ပွဲ အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်က ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယခုနှစ် ASEAN Dengue Day ၏ ဆောင်ပုဒ်မှာ "Dengue is Everbody's Concern, Causing Socio economic burden, but it's Spreventable " ဖြစ်ကာ မြန်မာလိုဆောင်ပုဒ်မှာ လူမှုဒုက္ခကင်းဝေးဖို့၊ သွေးလွန်တုပ်ကွေး ကာကွယ်စို့ ဖြစ်ကြောင်း။

ငှက်ဖျားရောဂါကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် လူသန်းပေါင်း ၅၀ ခန့်သည် ရောဂါဝေဒနာခံစားကြရပြီး လူတစ်သန်းခန့် သေဆုံးလျက်ရှိနေကြောင်း၊ အရှေ့တောင်အာရှ ဒေသအတွင်းရှိ နိုင်ငံများ၌ နေ့စဉ် လူ ၅၀၀၀ ခန့်သည် ငှက်ဖျားရောဂါကို ခံစားနေရကာ တစ်နှစ်လျှင် သေဆုံးသူ တစ်သိန်းခန့် ရှိနေသည်ဟု သိရှိရကြောင်း၊ ၁၉၉၀ ပြည့်နှစ်တွင်ရှိသည့် ငှက်ဖျားရောဂါ ဖြစ်ပွားမှုနှုန်းနှင့် သေဆုံးမှုနှုန်းကို ၂၀၁၅ ခုနှစ်မတိုင်မီတွင် ထက်ဝက်လျှော့ချနိုင်ခဲ့ပြီးဖြစ်သော်လည်း ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်ကို ပြည့်မီနေပြီဟု ကျေနပ်မနေဘဲ ယခုထက်ပိုမို ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ယခုနှစ် (၄)ကြိမ်မြောက် ကမ္ဘာ့ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်မှာ "ငှက်ဖျားသေဆုံးမှုပပျောက်ရေး၊ ၂၀၁၅ မှန်းမျှော်တွေး၊ တိုးမြှင့်စုပေါင်းတိုက်ဖျက်ပေး" ဟူ၍ ဖြစ်ကြောင်း။

မှာကြား

ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေခြင်း၊ ခြင်ထောင်များ ဆေးစိမ်ပေးခြင်း၊ ကျောင်းများနှင့် ရပ်ကွက်များအတွင်း သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ ကာကွယ်နိုင်ရေးအတွက် Abate ခေါ် ပိုးလောက်လမ်းများ သေစေသည့် ဆေးများခတ်ခြင်းတို့ကို နိုင်ငံတော်၏ အထောက်အပံ့နှင့်အတူ WHO, UNICEF, 3 Diseases Fund, Global Fund, JICA စသည့်အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုများဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူလူထုအနေဖြင့်လည်း မိသားစုအလိုက် ခြင်မပေါက်ပွားအောင် ပိုးလောက်လမ်း နှိမ်နင်းရေးလုပ်ငန်းဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့်လည်း တစ်ဆက်တည်း မှာကြားသွားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ အာဆီယံ သွေးလွန်တုပ်ကွေးနေ့နှင့် ကမ္ဘာ့ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြို့ပြရေပေးရေးလုပ်ငန်း နောင်ချို၌ ဆောင်ရွက်

နောင်ချို ဇွန် ၁၅

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော တောင်ရပ်ကွက်ရှိ သဖန်းပင်ရေထွက် ရေတားတမံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ဇွန် ၅ ရက်က အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွန်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ရေတားတမံမှာ အလျား ပေ ၈၀၊ အမြင့်ခြောက်ပေ၊ အနံနှစ်ပေရှိပြီး အဖွဲ့ရန်ပုံငွေ ကျပ် ၃၂၁၀၀၀၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကာ လုပ်ငန်းပြီးစီးပါက မြို့နေပြည်သူများအား သန့်ရှင်းသော သောက်သုံးရေ တိုးချဲ့ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ပေးအပ်လှူဒါန်း

ဇွန် ၁၃ ရက်က အပြည်ပြည်ဆိုင်ရာကလေးများနေ့ အထိမ်းအမှတ်အဖြစ် မြောက်ဥက္ကလာပဆေးရုံ၊ သဃ်္ဃန်းကျွန်းဆေးရုံနှင့် ရန်ကုန်ကလေးဆေးရုံကြီးရှိ အာဟာရချို့တဲ့သောကလေးလူနာများအတွက် ငွေကျပ် ၂၇ သိန်းတန်ဖိုးရှိ Dumex အာဟာရဖြည့်နို့မှုန့်များကို MO ASIA Co., Ltd. (Dumex) ဝန်ထမ်းများက ပေးအပ်လှူဒါန်းစဉ်။(မြန်မာ့အလင်း)

သင့်ယာဉ်မမောင်းမီ အောက်ပါအချက်များစစ်ဆေးပါ

(၁) ဘရိတ်
(၂) မီးများ-
  (က) ရှေ့မီးကြီး
  (ခ) ဘေးမီးငယ်
  (ဂ) ဘရိတ်မီး
  (ဃ) အချက်ပြမီး
  (င) နောက်နံပါတ်ပြားမီး
(၃) ဟွန်း
(၄) တာယာကောင်း/မကောင်း၊ လေ ညီ/မညီ
(၅) စတီယာရင်ကောင်း/မကောင်း
(၆) ဂီယာကောင်း/မကောင်း
(၇) နောက်ကြည့်မှန်
(၈) ဆီ/ရေ/လေ/ဝိုင် ပြည့်စုံမှု ရှိ/မရှိ
(၉) ယာဉ်မောင်းလိုင်စင်
(၁၀) မှတ်ပုံတင်သက်သေခံအပိုင်း
(၁၁) မိုးတွင်းအခါ ရေသုတ်ကိရိယာကောင်း/မကောင်း

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

အီရတ်၌ ကားဗုံးခွဲမှုနှင့် တိုက်ခိုက်မှုများဖြစ်ပွား ရှစ်ဦးသေဆုံး အများအပြားဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၁၅

အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် ဇွန် ၁၄ ရက်က ကားဗုံးခွဲမှုနှင့် တိုက်ခိုက်မှုများကြောင့် ဒေသခံရှစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ဇွန် ၁၅ ရက်တွင် ပြောကြားသည်။ **(ယာပုံ)**

အခင်းဖြစ်ပွားမှုမှာ ဘာကူဘာမြို့ရှိ ပြည်နယ်ကောင်စီရုံး အဆောက်အအုံ၏ အဝင်ဂိတ်၌ ဗုံးများတင်ဆောင်ထားသော မော်တော်ကားတစ်စီးဖြင့် အတင်းမောင်းဝင်ကာ အသေခံဗုံးခွဲ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် အကြမ်းဖက်သေနတ်သမားငါးဦးက အဆိုပါဂိတ်ပေါက်၌ ရဲတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန်ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် သေဆုံးမှုများ ဖြစ်ပွားပြီး၂၇ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ကဘူးလ် ဇွန် ၁၅

အာဖဂန်နစ္စတန်နိုင်ငံ ဝါဒက်ပြည်နယ် မိုင်ဒင်ရှာမြို့တွင် ဇွန် ၁၅ ရက် နံနက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး လူအများအပြားဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်အရာရှိများက ပြောကြားသည်။

ဖြစ်ပွားမှုမှာ အာဖဂန်နစ္စတန် အရှေ့အလယ်ပိုင်းဒေသရှိ မိုင်ဒင်ရှာမြို့ လူစည်ကားရာ လမ်းမကြီးအနီးတွင် အင်အားပြင်းထန်သော ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်သည်။ ၎င်းမြို့၌ ကျင်းပသည့် ဆွေးနွေးပွဲသို့ အာဖဂန်ထိပ်တန်းအရာရှိကြီးများ တက်ရောက်လာမှုကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း ဖြစ်ပြီး ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများအား ဆေးရုံသို့ တင်ပို့ထားသည်။ **(အင်တာနက်)**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇွန် ၁၅

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၁၅ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ ၇၀၆၁၉၇ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၇၉၂၉၂ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၆၁၉၇ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၉၂၉၂ ဦး

(အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဇွန် ၁၅

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၁၅ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူ ဦးရေမှာ ၃၃၉၆၉ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၄၁၅၀၈ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၉၆၉ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၁၅၀၈ ဦး

(အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

မောင်ချစ်ကြည် - စုစည်းသည်

တောင်အာဖရိက၌ မီးလောင်မှုဖြစ်ပွား၊ ၁၂ ဦးသေဆုံး

ဂျိုဟန်နစ္စဘတ် ဇွန် ၁၅

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့ အရှေ့ဘက် စပရင်းစ်မြို့တွင် ဇွန် ၁၄ ရက်က သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေးဌာန၌ မီးလောင်မှုဖြစ်ပွားရာ ၁၂ ဦးသေဆုံးခဲ့ပြီး ၂၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ အရာရှိများက ဇွန် ၁၄ ရက်၌ ပြောကြားသည်။ **(အင်တာနက်)**

ဗင်နီဇွဲလား၌ အကျဉ်းသားများရန်ဖြစ်၊ ၁၉ ဦးသေဆုံး

ကာရာကတ်စ် ဇွန် ၁၅

ဗင်နီဇွဲလားနိုင်ငံ မြို့တော်ကာရာကတ်စ်အနီးရှိ အီလ်ရိုဒီရိုအကျဉ်းထောင်တွင် ဇွန် ၁၄ ရက်က အကျဉ်းသားအုပ်စုနှစ်စု ခိုက်ရန်ဖြစ်ပွားခဲ့ရာ အကျဉ်းသား ၁၉ ဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ အခင်းဖြစ်ပွားမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးနေကြောင်း ဗင်နီဇွဲလား အရာရှိများက ဇွန် ၁၅ ရက်၌ ပြောကြားသည်။ **(အင်တာနက်)**

တရုတ်၌ ဓာတ်ငွေ့ဆိုင် ပေါက်ကွဲမှုဖြစ်ပွား

နန်နင်း ဇွန် ၁၅

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွမ်စီကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဘင်ယန်စီရင်စုတွင် ဇွန် ၁၄ ရက်က ဓာတ်ငွေ့အရောင်းဆိုင် တစ်ဆိုင်၌ ကားတစ်စီး ဓာတ်ငွေ့ဖြည့်စဉ် မီးလောင်ပေါက်ကွဲမှု **(အပေါ်ပုံ)** ဖြစ်ပွားရာ ရှစ်ဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း တရုတ်အရာရှိများက ဇွန် ၁၅ ရက်၌ ပြောကြားသည်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ - စုစည်းသည်

စပါးမှ လူကာမိုဒရစ်အား ချယ်လ်ဆီးခေါ်ယူမည်

လန်ဒန် ဇွန် ၁၅

စပါးအသင်းမှ လူကာမိုဒရစ်(ယာပုံ)အား ချယ်လ်ဆီးက ခေါ်ယူရန် ဆွေးနွေးလျက်ရှိရာ ပြောင်းရွှေ့ကြေး ပေါင် ၁၅ သန်းဖြင့် သဘောတူညီမှု ရရှိတော့မည်ဖြစ်ကြောင်း ချယ်လ်ဆီးကလပ်က ဇွန် ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ခရိုအေးရှားနိုင်ငံသား လူကာမိုဒရစ်သည် ညာနောက်ခံကစားသမားဖြစ်သော်လည်း တောင်ပံတိုက်စစ်အထိ လိုက်ပါနိုင်သူဖြစ်သည်။ ချယ်လ်ဆီးက ၎င်းအား တစ်ပတ်လုပ်ခ ပေါင် ၁၃၀၀၀၀ပေးမည်ဟု ကမ်းလှမ်းထားသည်။ (အင်တာနက်)

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်အသင်းတို့ ယှဉ်ပြိုင်မည်

ကရာချိ ဇွန် ၁၅

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် အာရှဇုန် ခြေစစ်ပွဲ ပထမအကျော့အဖြစ်လာမည့် ဇွန် ၂၉ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပါကစ္စတန်အသင်း လေ့ကျင့်နေစဉ်။

ထို့အတူ ဒုတိယအကျော့ပွဲစဉ်အဖြစ် ဇူလိုင် ၃ရက်တွင် ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ ၎င်းနှစ်သင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ အဆိုပါ ဘောလုံးပွဲစဉ် နှစ်ပွဲအတွက် လုံခြုံရေး အထူးကြပ်မတ်ထားမည်ဖြစ်ကြောင်း ပါကစ္စတန်ဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။ ပါကစ္စတန်ဘောလုံးအသင်းသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)အဆင့်သတ်မှတ်ချက် ၁၆၈ နေရာ၌ရှိသောအသင်းဖြစ်သည်။ ***(အင်တာနက်)***

မြင့်မောင်စိုး ရေးသားသည်

ကမ္ဘာကျော်ရော့ခ်အဆိုတော်ကြီး အမှတ်တရတေးသီချင်းစာအုပ်ထုတ်ဝေမည်

နယူးယောက် ဇွန် ၁၅

ရော့ခ်အင်န်ရိုးလ် (Rock n' Roll) တေးရေး၊ တေးဆို အဆိုတော် ကာရိုးလ်ကင်း (Carole King) သည် ၎င်းသီဆိုခဲ့သော သီချင်းများကို စုစည်းပြီး အမှတ်တရ တေးစာအုပ်အဖြစ် ထုတ်ဝေမည်ဖြစ်ကြောင်း ကြေညာသည်။

တေးရေး၊ တေးဆို
ကာရိုးလ်ကင်း

စာချုပ်ချုပ်

အသက် ၆၉ နှစ်ရှိပြီဖြစ်သော နာမည်ကြီးရော့ခ်အင်န်ရိုးလ် သီချင်းများကို ရေးသားသီဆိုခဲ့သူ ကာရိုးလ်ကင်းသည် ယင်းစာအုပ်ကို ၂၀၁၂ ခုနှစ် ဧပြီလတွင် ထုတ်ဝေဖြန့်ချိမည်ဟု ဆိုသည်။ စာအုပ်ထွက်ရှိရေးအတွက် ဂရင်းစင်ထရယ် စာအုပ်ထုတ်ဝေရေးနှင့် စာချုပ်ချုပ်ဆိုထားကြောင်း၊ ၎င်းသီချင်း စာအုပ်တွင် Natural Woman အမည်ရှိ ၎င်းကိုယ်တိုင်ရေးသားခဲ့သော နာမည်ကြီး သီချင်းများ ပါဝင်ကြောင်း ကာရိုးလ်ကင်းက ပြောကြားသည်။

ရောင်းချ

ရော့ခ်အဆိုတော် ကာရိုးလ်ကင်းသည် Tapestry အမည်ရှိ တေးအယ်လ်ဘမ်ကို ကိုယ်တိုင်ရေးသားသီဆိုခဲ့သည်။ ယင်းတေးအယ်လ်ဘမ်သည် ကမ္ဘာ့ဝင်ငွေ အကောင်းဆုံး တေးအယ်လ်ဘမ်တစ်ခုတွင် ပါဝင်ခဲ့ပြီး အမေရိကန်နိုင်ငံတစ်နိုင်ငံတည်း၌ပင် တေးအယ်လ်ဘမ် စီဒီအချပ်ပေါင်း ၁၀ သန်းကျော် ရောင်းချခဲ့ရကြောင်း သိရှိရသည်။ *(အင်တာနက်)*

အကောင်းဆုံး တိုနီတေးဂီတဆု ဆတ်တန်ဖော်စတာ ဆွတ်ခူးရရှိ

နယူးယောက် ဇွန် ၁၅

*နာမည်ကြီး အမေရိကန်အဆိုတော် သရုပ်ဆောင် ဆတ်တန်ဖော်စတာ (Sutton Foster)(**ဝဲပုံ**)သည် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ဇွန် ၁၂ ရက်က ကျင်းပသော တိုနီတေးဂီတဆု (Tony Musical Award) ပေးပွဲတွင် အကောင်းဆုံးအမျိုးသမီး တေးအယ်လ်ဘမ် သရုပ်ဆောင်ဆု ဆွတ်ခူးရရှိသွားခဲ့သည်။*

သူမသည် Anything Goes တေးအယ်လ်ဘမ်တွင် အကောင်းဆုံး သရုပ်ဆောင်ထားသည်။ ယင်းအတွက် တိုနီတေးဂီတဆုချီးမြှင့်ရေးအဖွဲ့က ၎င်းအား အကောင်းဆုံး တေးအယ်လ်ဘမ် သရုပ်ဆောင်ဆု ချီးမြှင့်ခဲ့သည်။ ၎င်းသည် ၂၀၀၂ခုနှစ်ကလည်း Throughly Modern Millie တေးအယ်လ်ဘမ်ဖြင့် အကောင်းဆုံးတိုနီတေးဂီတဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ ပြခန်းများ သတ်မှတ်ချိန်အမီပြီးစီးအောင် ညှိနှိုင်းဆောင်ရွက်

နေပြည်တော် ဇွန် ၁၅

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ ခင်းကျင်းပြသမည့် သပြေကုန်းဈေး ကားရပ်နားကွင်းနေရာ၌ ပြခန်းများဆောက်လုပ်နေမှု၊ ပြခန်းမုခ်ဦးဆောက်လုပ်မည့် နေရာ၊ ဝန်ကြီးဌာန ပြခန်းများနှင့်ဟိုတယ်ဇုန်အလိုက်၊ အသင်းများအလိုက် ပြခန်းနေရာများ ခွဲဝေသတ်မှတ်ပေးထားမှုနှင့် ပြခန်းများဆောက်လုပ်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဌေးအောင်နှင့် ပြခန်းများဆောက်လုပ်နေသည့် ACE ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ခံများအား ပြခန်းအတွင်းပိုင်းခင်းကျင်းပြင်ဆင်မှုများ ထပ်မံဆောင်ရွက်ရမည်ဖြစ်၍ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး၊ပြခန်းများကို အဆင့်ရှိရှိနှင့် သပ်သပ်ရပ်ရပ်ဖြစ်အောင် စနစ်တကျဆောက်လုပ်ရေး၊ ပြခန်းများတွင် အသုံးပြုရမည့် ရေလိုင်း၊မီးလိုင်းများ အဆင်ပြေစေရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲခင်းကျင်းပြသရန် ပြခန်းများဆောက်လုပ်ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးရကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အောင်ချက်အကောင်းဆုံးဆု အစဉ်အလာ ဆက်လက်ထိန်းသိမ်း ထူးချွန်သောမျိုးဆက်သစ်လူငယ်များ ပေါ်ထွက်စေရေးကြိုးစား

နေပြည်တော် ဇွန် ၁၅

၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အတွင်း အောင်ချက်ရာခိုင်နှုန်း အများဆုံးဖြင့် အောင်မြင်ခဲ့သည့် မအူပင်မြို့နယ် ကျောင်းရွာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာ ဆရာမများအား ဂုဏ်ပြုပွဲနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၈ နာရီတွင် အဆိုပါ အခြေခံပညာအထက်တန်း ကျောင်းခန်းမ၌ ကျင်းပသည်။

အပ်နှံ

အခမ်းအနားတွင် ကျောင်းရွာကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း ကျောင်းအုပ်ဆရာကြီးက ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ချီးမြှင့်သည့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ ဧရာဝတီတိုင်းဒေသကြီး တွင် အောင်ချက်အကောင်းဆုံး ကျောင်းဆုဒိုင်းကို သမ္မတရုံးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသိန်းညွန့်ထံ အပ်နှံသည်။

ပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ဧရာဝတီတိုင်းဒေသကြီးအတွင်း အောင်ချက်အကောင်းဆုံးဖြစ်အောင် ထူးချွန်စွာ သင်ကြားပေးသည့် ကျောင်းအုပ်ကြီးနှင့် အထက်တန်းပြဆရာ ဆရာမများအားလည်းကောင်း၊ သုံးဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ သုံးဦးအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုဆုချီးမြှင့်

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရန်ဝင်းက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းကိုကိုနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းထွန်းတို့က တစ်ဘာသာဂုဏ်ထူးရှင် ၁၀ ဦးတို့အား လည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ထို့နောက် ကျောင်းရွာကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ဇနီးတို့က သုံးဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ သုံးဦးအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

မှာကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ဇနီးတို့က ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၈၇၅ ဦးအတွက် ကျောင်းဝတ်စုံများနှင့် ကျောင်းသုံး ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းကြပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအဆင့် အောင်ချက် အကောင်းဆုံးဆု အစဉ်အလာကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်၏ ထူးချွန်သောအနာဂတ်မျိုးဆက်သစ် လူငယ်များ ပေါ်ထွက်လာစေရေး ကြိုးစားဆောင်ရွက်သွားရန်၊ တစ်နိုင်ငံလုံးအတွက် စံပြကျောင်းတစ်ကျောင်းအဖြစ် ပေါ်ထွက်လာရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် စသည်ဖြင့် မှာကြားသည်။

ပေးအပ်လှူဒါန်း

ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ကျုံနတွော်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၈၀၁ ဦး အတွက် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းကာ အမှာစကားပြောကြားသည်။

အဆိုပါ ကျုံနတွော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်သည် အလျား ပေ ၁၀၀၊ အနံ ပေ ၃၀ ရှိ နှစ်ထပ်အုတ်ညှပ်ကျောင်းဆောင်သစ်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန ခွင့်ပြုရန်ပုံငွေနှင့် စုပေါင်းလှူဒါန်းငွေများဖြင့် ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကမ်းရိုးတန်းဒေသများ၌ မိုးဆက်လက်ပိုမည်

နေပြည်တော် ဇွန် ၁၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

ဇွန် ၁၆ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများ၌ မိုးဆက်လက်ပိုမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ဧည့်ဝန်ဆောင်မှုသင်တန်း အမှတ်စဉ် (၂/၂၀၁၁)သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဧည့်ဝန်ဆောင်မှု သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၁၅

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ဧည့်ဝန်ဆောင်မှုသင်တန်း အမှတ်စဉ်(၂/၂၀၁၁)သင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ(ကျောက်စိမ်းခန်းမ)၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် တက်ရောက် အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် သင်တန်းသားသုံးဦးအား ဂုဏ်ပြုဆုများနှင့် သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး ကျန်သင်တန်းသား ၂၇ ဦးတို့အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ နေပြည်တော် စားသောက်ဆိုင် ၁၃ ဆိုင်မှ သင်တန်းသား ၃၀ တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လှူမိတ်ဆွေ

လုပ်ငန်းတာဝန်များကို စေတနာထားပြီး ညီညီညွတ်ညွတ်ဆောင်ရွက် အင်ဂျင်နီယာအတတ်ပညာများကို လုပ်ငန်းများ၌ မှန်ကန်စွာအသုံးချ

ရန်ကုန် ဇွန် ၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇွန် ၁၃ ရက် နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁) ရန်ကုန်-သန်လျင်တံတားဝင်းအတွင်းရှိ သံထည်အလုပ်ရုံသို့ ရောက်ရှိပြီး ကရင်ပြည်နယ် ဘားအံ-ကော့ကရိတ်-မြဝတီလမ်းပေါ်ရှိ ဂျိုင်း(ကော့ကရိတ်)တံတား အကြီးစားပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ရန်အတွက် C.Channel များဖြတ်တောက်နေမှု၊ သံပေါင်နှင့် Transom ရက်မများပြုလုပ်နေမှုနှင့် ကြမ်းခင်းပြားများ ဆောင်ရွက်နေမှုနှင့် C.Channel များခံဆေး Red Oxide သုတ်နေမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ဆက်လက်၍ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁)ရုံး၌ တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၁)မှ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တံတားများ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တံတားများနှင့် လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ လမ်းအမှတ်(၁၀)တွင် တံတားများ တည်ဆောက်ပြီးစီးမှု၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ရန် ကျန်ရှိသည့် တံတားများနှင့်စပ်လျဉ်း၍ လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

စေတနာထား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အထူးအဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်များရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ မိမိတို့ လုပ်ငန်းတာဝန်များကို စေတနာထားပြီး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ရေး၊ အင်ဂျင်နီယာ အတတ်ပညာများကို လုပ်ငန်းလုပ်ဆောင်မှုများ၌ မှန်ကန်စွာ အသုံးချရေးတို့ကို မှာကြားခဲ့သည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ကရင်ပြည်နယ် ဘားအံ-ကော့ကရိတ်-မြဝတီ လမ်းပေါ်ရှိ ဂျိုင်း(ကော့ကရိတ်) တံတား အကြီးစားပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြင်ဆင်နေမှုကို စစ်ဆေးစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၆-၆-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၃ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၂၀ ၅။ လျှပ်တစ်ပြက်
၇း၃၀ ၆။ ဓမ္မပူဇာတေး
၇း၃၅ ၇။ မျိုးချစ်တပ်မတော်
၇း၄၀ ၈။ မြန်မာ့ရှုခင်း
၇း၄၅ ၉။ မြန်မာသံစဉ် ချိုနားဝင်
၇း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၁။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၅ ၃။ နိုင်ငံတော်သီချင်း
၄း၁၀ ၄။ အဖွင့်သီချင်း
၄း၁၅ ၅။ မျိုးချစ်တပ်မတော်
၄း၂၀ ၆။ ဇာတ်လမ်းတို
၄း၂၅ ၇။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄း၃၅ ၈။ ဗွီစီဒီကျော်ကြားတေး
၄း၄၅ ၉။ မွေးမြူသုတ
၄း၅၀ ၁၀။ မြန်မာသံစဉ်ချိုနားဝင်
၅း၁၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၇၄)
၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၄။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၅။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ၁၆။ ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၃၁)
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်းနေမင်းကြယ်တစ်စင်း** (အပိုင်း-၁၉)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဒို့တာဝန်အရေး(၃)ပါး
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ လျှပ်တစ်ပြက်
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း-၂၄)
၂၆။ ဂီတရင်ခုန်သံ
၂၇။ သင့်အတွက်မနက်ဖြန်
၂၈။ အပိတ်နှုတ်ဆက်စကား

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား တောင်အာဖရိကနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ထိုင်းနိုင်ငံအခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဒေါ်ကလပ်စ် ဟာဗေး မွန်ရိုး ဂစ်ဘ်ဆင်နှင့်အဖွဲ့သည် ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအလားအလာများကို ဆွေးနွေးကြသည်။ (ဝဲပုံ)

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ တည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်မှု ရှိ/မရှိ စိစစ်ရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၅

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ တည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိကြရာ ဇွန် ၁၃ ရက်တွင် ဒေါက်တာသန်းထိုက်ဦး အပါအဝင် ပုဂ္ဂိုလ် ၁၇ ဦး က ပြည်သူ့ဒီမိုကရေစီပါတီ (People Democracy Party) ကို တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့သည်။

ယင်းလျှောက်ထားချက်နှင့်ပတ်သက်ပြီး ပါတီတည်ထောင်လိုသူ ပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်မှု ရှိ/မရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများထံ မေတ္တာရပ်ခံ ညှိနှိုင်းထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖယ်ခုံမြို့ ညောင်ညိုလမ်း ကျောက်ချောခင်းမည်

ဖယ်ခုံ ဇွန် ၁၅

ဖယ်ခုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အရှည် ၁၀၁၀ ပေ၊ အကျယ် ၁၂ ပေရှိ ညောင်ညိုလမ်း ကျောက်ချောခင်းရန် မြေသားလမ်းပြုပြင်ဆောင်ရွက်နေမှုနှင့် ကျောက်များစုဆောင်းနေမှုကို မေ ၂၄ ရက်က အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း စာအုပ်စင်

မှူးဇော်၏ မဏ္ဍိုင်မဲ့ခေတ်သစ်ကမ္ဘာနှင့် မျက်မှောက်ခေတ် နိုင်ငံတကာရေးရာများစာအုပ် ထုတ်ဝေဖြန့်ချိ

နေပြည်တော် ဇွန် ၁၅

စာရေးသူ မှူးဇော်၏ မဏ္ဍိုင်မဲ့ခေတ်သစ်ကမ္ဘာနှင့် မျက်မှောက်ခေတ် နိုင်ငံတကာရေးရာများ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။ ***(ယာပုံ)***

စုစည်းထား

ရန်ကုန်တိုင်းမ်၏ အပတ်စဉ် ဂျာနယ်တွင် ဖော်ပြခဲ့ပြီးသော ခေတ်ပြိုင် နိုင်ငံတကာရေးရာ၊ နိုင်ငံရေးနှင့် စီးပွားရေးသုံးသပ်ချက် ၃၂ ပုဒ်ကို စုစည်းထားသည့် စာအုပ်ဖြစ်သည်။

ကောက်ချက်ပေး

အမေရိကန် ပြည်ထောင်စု၏ တတိယ ကမ္ဘာ့နိုင်ငံများအပေါ် ထားရှိသည့် နိုင်ငံခြားရေး သဘောထားများကို ဝေဖန်သုံးသပ်ထားသော၊ ကမ္ဘာ့စီးပွားရေး အကျပ်အတည်းဆိုင်ရာ ကိစ္စရပ်များကို ဆန်းစစ်ဝေဖန်ထားသော၊ ပြောင်းလဲလာနေသည့် နိုင်ငံတကာရေးရာ အခြေအနေများကို ယထာဘူတကျကျ သုံးသပ်ကောက်ချက် ပေးထားသော ဆောင်းပါးများ ပါဝင်သည်။

ခေတ်ပြိုင် နိုင်ငံတကာရေးရာများကို စိတ်ဝင်စားသူတိုင်း ဖတ်ရှုသိမ်းဆည်းရမည့် စာအုပ်တစ်အုပ်ဖြစ်ပြီး ပြည့်စုံစာအုပ်တိုက်က ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၁၅

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြင့်စိုး(နတလ) ရေးသားသော ၂၀၀၉ ခုနှစ် စာပေဗိမာန်



နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ နှစ် (၂၀) ခရီးစာအုပ်ထွက်ရှိ

စာမူဆုရ ***နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ နှစ် (၂၀) ခရီး*** *စာအုပ်အား ပုံနှိပ်ဖြန့်ချိလိုက်ပြီဖြစ်သည်။* ***(အောက်ဝဲပုံ)***

ယင်းစာအုပ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်မှု အခြေအနေများ၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ကြိုးပမ်းဆောင်ရွက်ချက်များနှင့် ငြိမ်းချမ်းရေးအဖွဲ့အစည်းများအကြောင်း သိကောင်းစရာများ၊ နယ်စပ်ဒေသများတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ၁၉၈၉ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ဒေသအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည့် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နယ်စပ်ဒေသအသီးသီးတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော် ဆောင်ရွက်မှုများပါဝင်ပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက် မှတ်တမ်းဓာတ်ပုံများ၊ စာရင်းဇယား၊ ကိန်းဂဏန်း အချက်အလက်များ ပြည့်စုံစွာ ဖော်ပြထားသည်။

ယင်းစာအုပ်အား ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်တွင် ဆက်သွယ်ဝယ်ယူနိုင်သည်။ ***(သတင်းစဉ်)***

မြွေကိုက်ခံရလျှင်

၁။ မြွေကိုက်ခံရသည့်နေရာကို ရရာသန့်ရှင်းသောအဝတ်ဖြင့် ခပ်ဖွဖွသုတ်ပါ၊ အားဖြင့် ဖိမပွတ်ရ၊ ရေအလွယ်တကူရနိုင်လျှင် ရေဖြင့်ဆေးပါ။
၂။ အလျား ၃ လက်မ၊ အနံ ၃ လက်မ၊ အထူ ၁ လက်မခွဲအရွယ် အဝတ်ခေါက်ထူထူ (သို့မဟုတ်) ပတ်တီးခေါက် (သို့မဟုတ်) ရော်ဘာရေမြှုပ်စ တစ်ခုကို ဒဏ်ရာပေါ်တွင်တင်ပါ။
၃။ လက်ဖမိုး၊ လက်ချောင်း၊ ခြေချောင်းများတွင် မြွေကိုက်ခံရပါက အဝတ်ခေါက်ကို သင့်တော်ရာအရွယ်ပြုလုပ်၍ ဒဏ်ရာပေါ်တင်ပါ။
၄။ အဝတ်ခေါက်၏အပေါ်တွင် ပတ်တီး (သို့မဟုတ်) အဝတ်စ (သို့မဟုတ်) အားကစားပတ်တီးကို မြဲရုံတင်းရုံ (ခြေဆစ်လက်ဆစ်များနာကျင်သည့်အခါတွင် စည်းနှောင်သလောက်သာ) စည်းပါ။
၅။ ဒဏ်ရာကို ပတ်တီးစည်းပြီးပါက ဝါးခြမ်း(သို့မဟုတ်) တုတ်ချောင်းရှည်ဖြင့် မြွေကိုက်ခံရသော ခြေ(သို့မဟုတ်) လက်တစ်ချောင်းလုံးကို ကပ်၍ကျုပ်စည်းပါ။ ခြေဆစ်၊ လက်ဆစ်၏ အထက်နှင့်အောက်တို့တွင် ကြိုး (သို့မဟုတ်) ပတ်တီးဖြင့် ချည်နှောင်ရမည်။
၆။ ခြေလက်တစ်ချောင်းလုံးမီသော တုတ်ချောင်းမရနိုင်ပါက ဝါးခြမ်းနှစ်ခု၊ သုံးခုကို သင့်လျော်သလို ဆက်၍သုံးပါ။
၇။ လူနာကို လှုပ်ရှားမှုလုံးဝမပြုလုပ်စေဘဲ နီးစပ်ရာ ဆေးရုံ၊ ဆေးပေးခန်းသို့ အမြန်ဆုံးပို့ဆောင်ရမည်။
၈။ ဖြစ်နိုင်ပါက မြွေသေကို တစ်ပါတည်းယူဆောင်လာပါ၊ ကိုက်သောမြွေကိုသိရှိပါက မှန်ကန်တိကျသော မြွေဆိပ်ဖြေဆေးကို အချိန်မီထိုးနိုင်ရန် အထောက်အကူပြုသည်။

မြွေကိုက်ခံရပါက အောက်ပါတို့ကို ရှောင်ကြဉ်ရမည်

၁။ ဒဏ်ရာကို ဓားဖြင့်ခွဲခြင်း၊ မီးစဖြင့်ထိုးခြင်း
၂။ လူနာကို အရက်တိုက်ခြင်း
၃။ ဆေးလိမ်းခြင်း၊ နှိပ်ခြင်း၊ ပွတ်ခြင်း
၄။ မြွေမြီးကိုဖြတ်၍မျိုခြင်း
၅။ မြွေကိုက်ဒဏ်ရာ၏ အထက်ဘက်တွင် ကြိုးဖြင့်တင်းကျပ်စွာ ချည်နှောင်ခြင်းသည် ခြေလက်များ ပုပ်တတ်ခြင်းအပြင် ကြိုးဖြေလိုက်ပါက အဆိပ်ပျံ့နှံ့မှုကို လျင်မြန်စေပါသည်။
၆။ လူနာကို လမ်းလျှောက်ခြင်း လှုပ်ရှားစေခြင်း မပြုရပါ၊ လက်တွင် မြွေကိုက်ခံထားရသူပင်ဖြစ်စေ လှုပ်ရှားမှုကြောင့် အဆိပ်ကို ပိုမိုလျင်မြန်စွာ ပျံ့နှံ့စေသောကြောင့်ဖြစ်သည်။ **ကျန်းမာရေးဦးစီးဌာန**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ စီမံကိန်းမန်နေဂျာရုံးနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ စီမံကိန်း မန်နေဂျာရုံးနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ရေးစီမံကိန်း သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၅

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဇွန် ၁၄ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ စီမံကိန်းမန်နေဂျာရုံးနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ပြည်ထောင်စုဝန်ကြီးအား မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း) စီမံကိန်းမန်နေဂျာက ဒဂုံမြို့သစ်(မြောက်ပိုင်း) ၁၀ ဧကဝင်းအတွင်း တည်ဆောက်မည့် စီမံကိန်းမန်နေဂျာရုံးနှင့် လူနေအဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုနှင့် ဝန်ထမ်းအိမ်ရာဝင်းအတွင်း မြေသားလမ်းနှင့် ဂဝံလမ်းခင်းရန် ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုံရွာခရိုင် ယင်းမာပင်မြို့နယ် ရဲတပ်ဖွဲ့ မိသားစုဝင်သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၆ ရက်က မြို့နယ်ရဲတပ်ဖွဲ့ စခန်း၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိန်လင်းက ကျောင်းသူတစ်ဦးအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဘိုးဘွားများအား ကွင်းဆင်းဆေးကုသ

ရန်ကုန် ဇွန် ၁၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ရွှေသံလွင် ဘိုးဘွားရိပ်သာတွင် ဇွန် ၉ ရက်က ဘိုးဘွားရိပ်သာစီမံခန့်ခွဲရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်မိမိထွေးနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာအေးသွင် ဦးဆောင်၍ အထွေထွေရောဂါကုဆရာဝန်ကြီး ရှစ်ဦး၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာ အောင်မိုးလှိုင်နှင့် အဖွဲ့ဝင်လေးဦး၊ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ဇေဇီကျော်နှင့် အဖွဲ့ဝင်နှစ်ဦး၊ နားနှင့်နှာခေါင်းအထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်မူမူမြင့်နှင့် အဖွဲ့ဝင်နှစ်ဦးတို့ပါဝင်သောအဖွဲ့သည် ဘိုးဘွားများအား ကွင်းဆင်းဆေးကုသမှုပေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ) (၀၅၇)**

သန့်ရှင်းသာယာလှပရေး ကသာမြို့၌ ဆောင်ရွက်

ကသာ ဇွန် ၁၅

မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေး အတွက် မေ ၂၀ ရက် နံနက် ၁၀ နာရီက ကသာမြို့စည်ပင်သာယာရေးအဖွဲ့က လမ်းမတော်လမ်းနှင့် တပ်မတော်လမ်းထောင့်ရှိ ရေနုတ်မြောင်းတူးဖော်နေမှုကို ကသာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်၊ ဒုတိယဦးစီးမှူး ဦးအောင်ကျော်ထွန်း၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းဇော်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်မောင်ကြည်၊ မီးသတ်ဦးစီးအရာရှိ ဦးကျံနမ်းထမ်နှင့်အဖွဲ့က လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

စုပေါင်းကာကွယ် ယာဉ်အန္တရာယ်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၆-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓေဂ္ဂသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ကြီးကျယ်မြင့်မြတ် မဟာသမယ** တရားတော် (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၃၆)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၉၄)
- ၈:၅၀ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟ အသင်းကြီး၏ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းအောင်ပွဲ
- ၉:၀၅ ဖောင်ကြီးကျေးရွာ အင်းပါတ်တောင်မှ သာဓုခေါ်သံ
- ၉:၁၅ MANHUNT 2011 (Part-1)
- ၉:၃၅ Fashion talk (Beauty & Spa)
- ၁၀:၀၀ သာသနာတော်အတွက်ရည်မျှော်.... ထေရဝါဒဓမ္မဗိမာန်တော်
- ၁၀:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁:၀၀ The Champion of Dance
- ၁၁:၃၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၅ ရုပ်ရှင်ထဲက ကျန်းမာရေး **အရက်အန္တရာယ်ပညာပေး** (ဒေါက်တာခင်မောင်လွင်၊ ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၁၂:၄၀ သာသနာ့အမွေ လှူပေးဝေ
- ၁:၀၀ **ကြီးကျယ်မြင့်မြတ် မဟာသမယ** တရားတော် (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ ခရမ်းမြို့နယ်နှင့် သုံးခွမြို့နယ်သို့ စာကြည့်တိုက်ဖောင်ဒေးရှင်းမှ စာအုပ်လှူဒါန်းပွဲ
- ၂:၃၅ ရန်ကုန်မြင်ကွင်းကျယ် (ဒဂုံစင်တာရဲ့ ပြုံးပျော်ဆင်နွှဲ မိသားစု ပျော်ပွဲရွှင်ပွဲနှင့် အပျော်တမ်းသရုပ်ဆောင်ပြိုင်ပွဲကြီး)
- ၂:၅၀ နိဗ္ဗာန်သို့ရည်မျှော် သာသနာ့အမွေခံသည့် အလှူတော်
- ၃:၀၀ Activities in the City (မြေလျှင် တက်တိုးနစ်ပညာဆိုင်ရာ နိုင်ငံတကာသုတေသန ဆွေးနွေးပွဲ)
- ၃:၁၀ Mizon Korea Cosmetic Showroom Opening & Product Launch
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၃၆)
- ၄:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၉၄)
- ၅:၀၀ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်၍ ပူဇော်ကန်တော့ခဲ့ကြသော....
- ၅:၂၀ တောင်ငူမြို့ သမိုင်းဝင်ရွှေဆံတော် စေတီတော်မြတ် ထီးတော်တင်ပွဲ
- ၅:၃၅ ဓာတ်ပုံထဲမှအမှတ်တရများ (သဉ္ဇာနွယ်ဝင်း)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ**(အပိုင်း-၃၇)
- ၇:၀၅ Style ရှိမှ Star ဖြစ်မယ်
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ ဗုဒ္ဓနှစ် (၂၆၀၀)ပြည့် အထိမ်းအမှတ်ပူဇော်ပွဲ
- ၈:၄၅ စကားနပန်း **ဝေဖန်တာကောင်းတယ်၊ မဝေဖန်တာကောင်းတယ်**
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၉၅)
- ၁၀:၁၅ အားကစားမြင်ကွင်းစုံ
- ၁၀:၄၀ မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်
- ၁၁:၀၅ အနုပညာမိုးကောင်းကင်
- ၁၁:၂၅ ဂီတသရုပ်ပြခန်း (စိုးစန္ဒာထွန်း-မောင်လို့ခေါ်ခွင့်)
- ၁၁:၅၅ မြန်မာ့ "အိုး"
- ၁၂:၀၅ ဖန်တီးသူနှင့် အနုပညာ (ချမ်းချမ်း) (အပိုင်း-၁)
- ၁၂:၃၅ မေတ္တာပန်းတို့ မွှေးပျံ့စေ ပြည့်စုံအောင်၊ မိုးပြည့်ပြည့်မောင်၊ ဦးအောင်ကျော်၊ ချိုပြုံး (ဒါရိုက်တာ-ဓာတ်ပုံရဲမြင့်လွင်)
- ၁၂:၅၅ စွဲမက်ဖွယ်ရာ ရတနာ (စိန်ကျောက်အလား ဉဿဖရား) (အပိုင်း-၁)
- ၁:၂၀ ကလေးများနှင့် ကျန်းမာရေး (ဒေါက်တာခင်စပယ်အေး)
- ၁:၂၅ Shooting Location (သီရိဂုဏ်)
- ၁:၄၀ ဆေးဖက်ဝင်....ဝင်ငွေတိုး.... "ဝ"ဥပင်ကိုပျိုး
- ၂:၀၅ နှယဉ်ဆန်းထွင် ပန်းအလှဆင် (ကြိုဂံပုံပန်းအိုးထိုးနည်း) (ပန်းအိုးအကြီး)
- ၂:၃၀ ရေဆန်စီးတဲ့မြစ်
- ၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၀ အံ့ဖွယ်ထူးခြား မြေလတ်ဒေသဆီမှ ဘုရားများ
- ၄:၂၅ တောင်ငူခေတ်ရဲ့ ပုံရိပ်ပန်းချီ တော်ဝင်ကေတုမတီ
- ၄:၄၀ ရှင်တော်မဟာမုနိ.... ဘဂဝါပူဇေမိ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHFတီဗွီအင်တင်နာဖြင့်အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHFတီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မေ ၂၈ ရက်က တာမွေမြို့နယ် ဗျိုင်းရေအိုးစင် ရွာမရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် လူမှုရေးအဖွဲ့အစည်းများပူးပေါင်း၍ အမက (၁၃)ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ကြစဉ်။ (၀၄၄)

မြန်မာ့အလင်း စာတည်းထံပေးစာများ

အနံ့ဆိုးများ ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းနယ်မြေ အောက်ကျင်းရပ်ကွက်တွင် ကြက်၊ ဝက်များ မွေးမြူထားမှုများကြောင့် ကြက်ချေး၊ ဝက်ချေးအနံ့များ ထွက်ပေါ်လျက် ရှိရာ ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ဝက်ခြံများသန့်ရှင်းမှု ရှိစေချင်

စာတည်းရှင့်-

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွှေဟသာ်အနောက်ပေါက် ကျွန်းတော(၃)လမ်းရှိ နေအိမ်တစ်အိမ်တွင် ဝက်များမွေးမြူထားရာ အဆိုပါဝက်ခြံမှ ထွက်သောအညစ်အကြေးအနံ့ဆိုးများကြောင့် ရပ်ကွက်အတွင်းနေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် ဝက်ခြံများသန့်ရှင်းရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

လုပ်ငန်းများ နေ့ညလုပ်ကိုင်နေမှု ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ်(၃/၄)ရပ်ကွက် နံ့သာဖြူလမ်းတွင် ပုံနှိပ်တိုက်များ၊ တွင်ခုံနှင့် ပန်းထိမ်ဖိုများ နေ့ညလုပ်ကိုင်နေခြင်းကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ အိပ်ရေးပျက်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

နံ့သာဖြူလမ်းသား

သံရည်ကျိုစက်ရုံမှ ဆူညံသံနှင့် ညော်နံ့များ ဆောင်ရွက်ပြီးဖြစ်

၂၂-၅-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **သံရည်ကျိုစက်ရုံမှ ညော်နံ့ပတ်ဝန်းကျင်မခံနိုင်** စာတည်းထံပေးစာနှင့်ပတ်သက်၍ မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ကမ်းနားလမ်းဘေး ဝဲယာ ချုံနွယ်များရှင်းလင်းခြင်းကို ဇွန် ၁၀ ရက်က မကွေးခရိုင် အုပ်ချုပ်ရေးမှူး ဦးမင်းအေးလွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်ထွန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင် ၂၀၁၁ ခုနှစ် အာဆီယံ သွေးလွန်တုပ်ကွေးနေ့နှင့် ကမ္ဘာ့ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါသည် လူသားတို့၏ ကျန်းမာရေးကိုသာမက လူမှုစီးပွားရေးကိုပါ ထိခိုက်နိုင် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်

နေပြည်တော် ဇွန် ၁၅

တစ်ကမ္ဘာလုံး သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု၏ ၇၅ ရာခိုင်နှုန်းသည် အာရှ၊ ပစိဖိတ်ဒေသများမှဖြစ်ကြောင်း၊ အရှေ့တောင်အာရှဒေသနိုင်ငံများသည် တစ်ကမ္ဘာလုံး၏ သွေးလွန်တုပ်ကွေး ကူးစက်ဖြစ်ပွားမှုရှိသောဒေသ၏ ၅၂ ရာခိုင်နှုန်းဖြစ်ပြီး အင်ဒိုနီးရှား၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့တွင် အများဆုံးဖြစ်ပွားသည်ကို တွေ့ရှိရကြောင်း၊ ၎င်းရောဂါသည် လူသားတို့၏ ကျန်းမာရေးကိုသာမက လူမှုစီးပွားရေးကိုပါ ထိခိုက်နိုင်သည့် အားလျော်စွာ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ဇွန် ၁၅ ရက်ကို အာဆီယံသွေးလွန်တုပ်ကွေးနေ့အဖြစ် ၂၀၁၀ ခုနှစ်က စင်ကာပူသမ္မတနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေး၌ အတည်ပြုပေးခဲ့ကြောင်း။

ဖြစ်ပွားလာ

မြန်မာနိုင်ငံတွင် ယခင်က မြို့ကြီးများ၌သာ ဖြစ်ပွားခဲ့သော်လည်း ယခုအခါ၌ ကျေးလက်၊ တောရွာများ၌ပါ ဖြစ်ပွားလာသည်ကိုတွေ့ရကြောင်း၊ ရောဂါဖြစ်ပွားသေဆုံးမှုနှုန်းမှာ ၁၉၇၀ ပြည့်နှစ်က သွေးလွန်တုပ်ကွေးလူနာ ၁၀၀ တွင် ခြောက်ဦးအထက်ရှိခဲ့ရာမှ ယခု ၂၀၁၀ ခုနှစ်တွင် လူနာ ၁၀၀ ၌ တစ်ဦးခန့်သာ သေဆုံးသည်အထိ ကျဆင်းလာကြောင်း၊ ယခင်က အသက်အရွယ်အားဖြင့် ၁၅ နှစ်အောက် ကလေးများတွင် ဖြစ်ပွားပြီး မူကြိုနှင့်မူလတန်းအရွယ် ကလေးများတွင် ဖြစ်ပွားမှုအများဆုံး တွေ့ရှိရကြောင်း၊ သို့သော်လည်း ယခုအခါတွင် လူလတ်ပိုင်းနှင့် လူကြီးပိုင်းတို့တွင်လည်း မကြာခဏ ဖြစ်ပွားလာသည်ကို တွေ့ရှိလာရကြောင်းဖြင့် ယနေ့ နံနက် ၉ နာရီတွင် *စာမျက်နှာ ၆ ကော်လံ ၁* ❐

မိုးရွာသွန်းမှုများ

၁၅-၆-၂၀၁၁

ခရမ်းမြို့
၅ ဒသမ ၅၁ လက်မ
သံတွဲမြို့
၅ ဒသမ ၃၂ လက်မ
ပူတာအိုမြို့
၄ ဒသမ ၄၉ လက်မ
မအူပင်မြို့
၄ ဒသမ ၄၁ လက်မ
ဖြူမြို့
၄ ဒသမ ၃၇ လက်မ
စစ်တွေမြို့
၄ ဒသမ ၂၉ လက်မ
ရန်ကုန်(မင်္ဂလာဒုံ)
၄ ဒသမ ၀၆ လက်မ
ပေါင်မြို့
၃ ဒသမ ၂၀ လက်မ